ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်

# ကိုဗစ်-၁၉ကာလ ရွေးကောက်ပွဲများတွင် ယုံကြည်မှုနှင့် တရားဝင်ဖြစ်မှုတို့အပေါ် သက်ရောက်သော ရွေးကောက်ပွဲနည်းလမ်းများ


## အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့်ကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလနှင့် တိုက်ဆိုင်လျက်ရှိပါသည်။ ယင်းကာလအတွင်း နိုင်ငံအချို့၏ ရွေးကောက်ပွဲများကို လေ့လာပါက ရွေးကောက်ပွဲများကျင်းပရာတွင် ကျန်းမာရေးလုံခြုံစိတ်ချရမှုအတွက် ချိန်ဆဆောင်ရွက်နိုင်ခြင်းသည် အရေးကြီးသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲများကို ကျန်းမာရေးစိန်ခေါ်မှုများကြားမှ အောင်မြင်စွာကျင်းပနိုင်မည်ဆိုလျှင် ကမ္ဘာ့အလယ်တွင် အောင်မြင်မှုကြီးတစ်ခုဖြစ်လိမ့်မည်ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် ကိုဗစ်-၁၉ ကာလအတွင်း ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရန် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် နိုင်ငံအချို့၏ ကျန်းမာရေးအစီအမံများနှင့် ကိုက်ညီသည့် ရွေးကောက်ပွဲကာလ လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် စီစဉ်ထားရှိမှုများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားနေစဉ်ကာလအတွင်း ပထမဆုံးကျင်းပနိုင်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း၏အကြောင်းအရင်းများကို စုစည်းလေ့လာရေးသားတင်ပြထားပါသည်။


သုတေသနစာတမ်းတို အမှတ်စဉ် (၁၄၈)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်များဖော်ပြမှု နည်းနာနိဿယများ | ၄ |
| ၄။ | ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပခဲ့သည့်နိုင်ငံများ | ၄ |
| ၅။ | ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပရာ၌ အဓိကထည့်သွင်းစဉ်းစားရမည့် အချက်များ | ၆ |
| ၆။ | ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲချိတ်ဆက်မှု | ၇ |
| ၇။ | နိုင်ငံရေးပါတီများအကြား သဘောတူညီချက်ရယူနိုင်မှု | ၈ |
| ၈။ | မဲဆွယ်စည်းရုံးခြင်းနည်းလမ်းများ | ၈ |
| ၉။ | နိုင်ငံသားများအားလုံးပါဝင် မဲပေးနိုင်မည့်နည်းလမ်းများ | ၉ |
| ၁၀။ | မဲဆန္ဒရှင်ပြည်သူများ သတင်းအချက်အလက်ရရှိမှုနည်းလမ်းများ | ၁၁ |
| ၁၁။ | လုံခြုံစွာမဲပေးနိုင်သည့်ပတ်ဝန်းကျင်ဖြစ်စေရန်အတွက် အစီအမံများ | ၁၁ |
| ၁၂။ | ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဓိကစိန်ခေါ်မှုများ | ၁၄ |
| ၁၃။ | မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် စီစဉ်ထားရှိမှုများ | ၁၆ |
| ၁၄။ | တောင်ကိုရီးယားနိုင်ငံတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အထွေထွေရွေးကောက်ပွဲ | ၁၇ |
| ၁၅။ | တောင်ကိုရီးယားနိုင်ငံရွေးကောက်ပွဲအောင်မြင်ရသည့်အကြောင်းအရင်းများ | ၁၉ |
| ၁၆။ | အဝေးမှမဲပေးခြင်းစနစ် (remote voting methods) ၏အားသာချက်များနှင့် အားနည်းချက်များ | ၂၀ |
| ၁၇။ | နိဂုံး | ၂၁ |

## နိဒါန်း

၁။ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံ၏အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ဦးဆောင်တာဝန်ယူ အကောင်အထည်ဖော်ရန် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်ပွဲနည်းလမ်းဖြင့်သာ ရွေးချယ်ကြသည့်အတွက် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် လွန်စွာအရေးပါလျက်ရှိပါသည်။ ဒီမိုကရေစီနိုင်ငံတိုင်းတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတစ်ဦးချင်းစီသည် မိမိလိုလားသူ၊ မိမိတာဝန်ပေးအပ်လိုသူကို ရွေးချယ်မဲပေးခြင်းဖြင့် ဒီမိုကရေစီစနစ်ကို ပိုမိုရှင်သန် ရင့်ကျက်အောင် ထောက်ကူပေးကြရပါသည်။ ရွေးကောက်ပွဲများတွင် ပြည်သူလူထုတစ်ရပ်လုံး လူမျိုး/ဘာသာမရွေးတူညီစွာပါဝင်ခွင့်နှင့် မဲပေးသူဦးရေများပြားခြင်းတို့သည် ဒီမိုကရေစီရွေးကောက်ပွဲများ၏အကောင်းဆုံးဝိသေသလက္ခဏာတစ်ခုပင်ဖြစ်ပါသည်။[1]

၂။ ကိုဗစ်ကာလ၌ ကမ္ဘာ့နိုင်ငံအချို့၏ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခဲ့ရသည့်အခြေအနေများရှိနေသော်လည်း ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့သောနိုင်ငံများလည်းရှိပါသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့်အကျိုးဆက်များနှင့် ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းကြောင့် ဒီမိုကရေစီစံနှုန်းများအပေါ် အကျိုးသက်ရောက်နိုင်မှုတို့ကို ချိန်ထိုး၍ ရွေးကောက်ပွဲများကို ကျင်းပသင့်လား၊ ရွှေ့ဆိုင်းသင့်လား ဆိုသည့် အချက်ကို ဆုံးဖြတ်ကြရပါသည်။[2]

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတိုအား ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကပ်ရောဂါကဲ့သို့ သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်စဉ် ကျင်းပသောရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒရှင်ပြည်သူများ၏ ကျန်းမာရေးလုံခြုံမှု အာမခံချက်နှင့် ရွေးကောက်ပွဲအတွက် ယုံကြည်မှုနှင့်တရားဝင်ဖြစ်မှု ဆက်စပ်မှုသဘောတရားများအား သိရှိနိုင်စေရန်၊

[1] https://www.moi.gov.mm/?q=node/34099

[2] ရွေးကောက်ပွဲများနှင့် ကိုဗစ်၊ international IDEA technical paper 1/2020 {available from : https://www.idea.int/sites/default/ files/ publications/elections-and-covid-19-MY_0.pdf} {accessed date August 5 2020}

(ခ) ကိုဗစ်ကာလတွင် ရွေးကောက်ပွဲကျင်းပခဲ့သည့်နိုင်ငံများ၏ မဲဆွယ်စည်းရုံးရေး နည်းလမ်းများ၊ ပြည်သူများအားလုံးပါဝင်မဲပေးနိုင်ရန် အသုံးပြုခဲ့သည့်မဲပေးနည်း စနစ်များနှင့် လုံခြုံစွာမဲပေးနိုင်သည့် ပတ်ဝန်းကျင်ဖြစ်စေခြင်းနည်းလမ်းများကို လေ့လာသိရှိနိုင်စေရန်၊

(ဂ) တောင်ကိုရီးယားနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်ရသည့်အကြောင်းအရင်းများကို သိရှိနိုင်စေရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် အဓိကစိန်ခေါ်မှုများကို သိရှိနိုင်စေရန် ဖြစ်ပါသည်။

## အချက်အလက်များဖော်ပြမှု နည်းနာနိသဿယများ

၄။ ဤစာတမ်းတိုတွင် အစိုးရ website များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် website၊ International Institution for Democracy and Electoral Assistance – IDEA ၏ အစီရင်ခံစာများနှင့် လက်စွဲစာအုပ်များ၊ ဂျာနယ်များနှင့် နိုင်ငံပိုင်သတင်းစာများမှ အချက်လက်များကို ကိုးကားထားပါသည်။

## ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပခဲ့သည့်နိုင်ငံများ

၅။ ကမ္ဘာ့တစ်ဝန်းတွင် ကိုဗစ်ကပ်ရောဂါ အရှိန်အဟုန်ဖြင့် ပြန့်ပွားလျက်ရှိသော်လည်း ရောဂါမပြန့်ပွားစေရန်ထိန်းချုပ်ကာကွယ်၊ကုသမှုအစီအမံများဖြင့် ဖော်ပြပါနိုင်ငံ(၂၂)နိုင်ငံတွင် တစ်နိုင်ငံလုံးအဆင့်၊ ဒေသန္တရအဆင့်၊ ရွေးကောက်ပွဲအမျိုးမျိုးကို ကျင်းပနိုင်ခဲ့ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားနေသည့်ကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ ရွေးကောက်ပွဲများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်[3] –

| စဉ် | နိုင်ငံ | ရွေးကောက်ပွဲစနစ် | ကျင်းပခဲ့သည့်ရက်စွဲ |
|---|---|---|---|
| ၁။ | အစ္စရေးနိုင်ငံ | အထွေထွေရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၄ ရက် |

[3] Elections held and mitigating measures taken during covid-19၊ international foundation for electoral systems၊ july 15 2020 မှ ကောက်နုတ်ရရှိပါသည်။

| စဉ် | နိုင်ငံ | ရွေးကောက်ပွဲစနစ် | ကျင်းပခဲ့သည့်ရက်စွဲ |
|---|---|---|---|
| ၂။ | ပြင်သစ်နိုင်ငံ | မြူနီစပယ်ရွေးကောက်ပွဲ (ပထမအဆင့်) | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၅ ရက် |
| ၃။ | မော်လ်ဒိုဗာနိုင်ငံ | ဒေသန္တရ ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၅ ရက် |
| ၄။ | ဇင်ဘာဘွေနိုင်ငံ | မြူနီစပယ်ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက် |
| ၅။ | ဂီနီနိုင်ငံ | ဥပဒေပြုရွေးကောက်ပွဲများနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲ | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၂ ရက် |
| ၆။ | ကနေဒါနိုင်ငံ | ကောင်စီရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက် |
| ၇။ | ဂျာမနီနိုင်ငံ | Bavaria ပြည်နယ်၏ ဒေသခံရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၅ ရက် နှင့် မတ်လ ၂၉ ရက် |
| ၈။ | မာလီနိုင်ငံ | အထွေထွေရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက် |
| ၉။ | သြစတြီးလျနိုင်ငံ | ဒေသန္တရရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်, မတ်လ ၂၉ ရက် |
| ၁၀။ | တောင်ကိုရီးယားနိုင်ငံ | ပါလီမန်ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက် |
| ၁၁။ | ဘီနင်းနိုင်ငံ | ဒေသန္တရရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၇ ရက် |
| ၁၂။ | ဘူရွန်ဒီနိုင်ငံ | အထွေထွေရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက် |
| ၁၃။ | ဆူရီနာနိုင်ငံ | အထွေထွေရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက် |
| ၁၄။ | ဆားဘီးယားနိုင်ငံ | ပါလီမန်ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၁ ရက် |
| ၁၅။ | မွန်ဂိုလီးယားနိုင်ငံ | ပါလီမန်ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၄ ရက် |
| ၁၆။ | ပြင်သစ်နိုင်ငံ | မြူနီစပယ်ရွေးကောက်ပွဲ (ဒုတိယအဆင့်) | ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက် |
| ၁၇။ | ပိုလန်နိုင်ငံ | သမ္မတရွေးကောက်ပွဲ (ပထမအဆင့်နှင့်ဒုတိယအဆင့်) | ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက် နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက် |

| စဉ် | နိုင်ငံ | ရွေးကောက်ပွဲစနစ် | ကျင်းပခဲ့သည့်ရက်စွဲ |
|---|---|---|---|
| ၁၈။ | မာလာဝီနိုင်ငံ | သမ္မတရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက် |
| ၁၉။ | ဒိုမီနီကန်သမ္မတနိုင်ငံ | အထွေထွေရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက် |
| ၂၀။ | ခရိုအေးရှားနိုင်ငံ | ပါလီမန်ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက် |
| ၂၁။ | စင်ကာပူနိုင်ငံ | ပါလီမန်ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက် |
| ၂၂။ | မြောက်မက်ဆီဒိုးနီးယားနိုင်ငံ | ပါလီမန်ရွေးကောက်ပွဲ | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက် |

## ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပရာ၌ အဓိကထည့်သွင်းစဉ်းစားရမည့်အချက်များ

၆။ ရွေးကောက်ပွဲများသည် ဒီမိုကရေစီ အခြေပြုသည့် လူထုကလက်ခံထားသော အခြေခံ အုတ်မြစ်ဖြစ်ပါသည်။ နိုင်ငံသားများသည် ပုံမှန်ကျင်းပသော ရွေးကောက်ပွဲများတွင် ခွဲခြားခံရမှု မရှိဘဲ မဲပေးခွင့်နှင့် ရွေးကောက်ခံနိုင်ခွင့်ရှိပါသည်။ ပြည်သူတို့၏သဘောထားကို ဆန္ဒမဲလက်မှတ် များမှတစ်ဆင့် ဖော်ထုတ်ကြပြီး ထိုဆန္ဒမဲများက ဒီမိုကရေစီ နည်းလမ်းတကျ ရွေးချယ်ထားသော အစိုးရ၏အာဏာတည်မှုကို အာမခံပေးသည်။ ထိုအချက်များ ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာတမ်း၏ အပိုဒ် ၂၁ တွင်လည်းကောင်း လူမှုရေးနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ နိုင်ငံတကာကြေညာစာတမ်း (ICCPR) အပိုဒ် ၂၅ တွင်လည်းကောင်း၊ အခြားလူ့အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းများတွင်လည်းကောင်း ဖော်ပြထားသည်။[4]

၇။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ကမ္ဘာ့တစ်ဝန်းတွင် စတင်ဖြစ်ပွားခဲ့သည့် Covid-19 ကပ် ရောဂါသည် ဒီမိုကရေစီစနစ်ကျင့်သုံးကြသည့်နိုင်ငံတိုင်းရှိ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် များစွာအကျိုးသက်ရောက်မှုရှိနေပြီး ရွေးကောက်ပွဲကျင်းပသည့်နိုင်ငံတိုင်းတွင် စိန်ခေါ်မှုများနှင့် လည်း ပြည့်နှက်နေပါသည်။ ထို့ကြောင့် ကိုဗစ်ကာလတွင် ရွေးကောက်ပွဲကျင်းပရမည့်နိုင်ငံများ

[4] https://www.openelectiondata.net/my/guide/electoral-integrity/why-we-care/မှ ကောက်နုတ်ရရှိပါသည်။ {accessed date August 5 2020}

အနေဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန် အောက်ပါအချက်များကို အဓိကထည့်သွင်းစဉ်းစား ကြရပါသည် –

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲချိတ်ဆက်မှု၊

(ခ) နိုင်ငံရေးပါတီများအကြား သဘောတူညီချက်ရယူမှု၊

(ဂ) ကိုဗစ်ကာလနှင့် ကိုက်ညီသည့် မဲဆွယ်စည်းရုံးခြင်းနည်းလမ်းများ၊

(ဃ) နိုင်ငံသားများအားလုံးပါဝင် မဲပေးနိုင်မည့်နည်းလမ်းများ၊

(င) မဲဆန္ဒရှင်ပြည်သူများ သတင်းအချက်အလက်ရရှိမှုနည်းလမ်းများ၊

(စ) လုံခြုံစွာမဲပေးနိုင်သည့်ပတ်ဝန်းကျင်ဖြစ်စေခြင်းနည်းလမ်းများ စသည်တို့ဖြစ်ပါသည်။[5]

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲချိတ်ဆက်မှု

၈။ ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသော ကိုဗစ်–၁၉ ကပ်ရောဂါသည် နိုင်ငံအသီးသီးတွင် စီစဉ်ထားသည့်ရွေးကောက်ပွဲများအား ကျင်းပရမည်လား သို့မဟုတ် ရွှေ့ဆိုင်းရမည်လားဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖိအားများစွာရှိနေခဲ့ပါသည်။ ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံများအတွက် ရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း သို့မဟုတ် နိုင်ငံရေးအရသော်လည်းကောင်း လွန်စွာအရေးပါလျက်ရှိပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ချိတ်ဆက်လုပ်ကိုင်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် အချို့သောနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သဘာဝဘေးအန္တရာယ်ကဲ့သို့သော အရေးပေါ်အခြေအနေတစ်ရပ်တွင် ရွေးကောက်ပွဲအား ရွှေ့ဆိုင်းထားရန် ပြဋ္ဌာန်းထားမှုများရှိကြောင်းလည်း သိရှိရပါသည်။[6]

---

[5]ရွေးကောက်ပွဲများနှင့် ကိုဗစ်၊ international IDEA technical paper 1/2020 {available from : https://www.idea.int/sites/default/ files/ publica tions/elections-and-covid-19-MY_0.pdf} {accessed date August 5 2020}

[6] Ibid

## နိုင်ငံရေးပါတီများအကြား သဘောတူညီချက်ရယူနိုင်မှု

၉။ ဒီမိုကရေစီနိုင်ငံတိုင်း၏ရွေးကောက်ပွဲများသည် နိုင်ငံရေးပါတီများ ကျောထောက်နောက်ခံပြုထားသည့် ကိုယ်စားလှယ်လောင်းများအကြား ပြိုင်ဆိုင်မှုတစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များ၏ ယုံကြည်မှုနှင့်အတူ တာဝန်ထမ်းဆောင်နေသူများဖြစ်ပါသည်။ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံရေးပါတီအချင်းချင်းအကြား မိမိတို့၏မူဝါဒများကို ချပြရသည့်ပွဲတစ်ခုလည်းဖြစ်ပါသည်။ ရွေးကောက်ပွဲကို တည်တည်ငြိမ်ငြိမ်ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီ အချင်းချင်းကြား ဆွေးနွေးညှိနှိုင်းသဘောတူညီချက်ရယူပြီး Code of Conduct ဟုခေါ်သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်ကို လေးစားလိုက်နာပြီး ယှဉ်ပြိုင်မှုပြုလုပ်ရခြင်းဖြစ်ပါသည်။[7]

## မဲဆွယ်စည်းရုံးခြင်းနည်းလမ်းများ

၁၀။ ဒီမိုကရေစီကျသည့် ရွေးကောက်ပွဲတစ်ခုတွင် ပြည်သူလူထုမှ မဲပေးရန်နှင့် ထောက်ခံမှုရရှိရန် မဲဆွယ်စည်းရုံးရေးသည် အလွန်အရေးကြီးလှပါသည်။ လူစုလူဝေးဖြင့် မဲဆွယ်စည်းရုံးခြင်း၊ ကိုယ်တိုင် တစ်အိမ်တက်တစ်အိမ်ဆင်းမဲဆွယ်ခြင်းနှင့် မြို့တွင်းခန်းမများတွင်မဲဆွယ်ခြင်း စသည့် မဲဆွယ်စည်းရုံးရေးနည်းလမ်းများသည် ရွေးကောက်ပွဲစနစ်၏ အရေးကြီးသည့် tools များသဖွယ်ဖြစ်ပါသည်။ သို့သော် ကိုဗစ်ကာလတွင် ရွေးကောက်ပွဲကျင်းပသော နိုင်ငံအချို့တွင် တီဗွီ၊ ရေဒီယို အပါအဝင် အင်တာနက်၊ လူမှုကွန်ယက်တို့မှတစ်ဆင့် မဲဆွယ်ခြင်းနည်းလမ်းများကို ပိုမိုလုပ်ကိုင်လာကြပါသည်။ ထို့ကြောင့် ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပခဲ့သည့် နိုင်ငံအချို့၏ မဲဆွယ်စည်းရုံးရေးနည်းလမ်းများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်[8]–

(က) တောင်ကိုရီးယားနိုင်ငံ။ လူမှုကွန်ယက်မီဒီယာများမှတစ်ဆင့် ဗီဒီယိုဖြင့် သတင်းစကားပါးခြင်း၊ စာတိုပေးပို့ခြင်း (SMS) နှင့် မိုဘိုင်းဖုန်း အပလီကေးရှင်း (mobile

[7] ၂၀၂၀ ရွေးကောက်ပွဲကို တည်တည်ငြိမ်ငြိမ်ကျင်းပနိုင်ပါ့မလား၊ ဦးစည်သူအောင်မြင့်၊ VOA news၊ 13 july 2020၊ {available from: https://burmese.voanews.com/a/sithu-aung-myint-news-analysis-2020-general-elections-/5500303.html}{accessed date August 19,2020}

[8] Elections held and mitigating measures taken during covid-19၊ international foundation for electoral systems၊ july 15 2020 မှ ကောက်နုတ်ရရှိပါသည်။

phone apps) အသုံးပြုခြင်းဖြင့် အွန်လိုင်းနှင့် ဒီဂျစ်တယ်နည်းပညာကို အဓိက အသုံးပြုခဲ့ပါသည်။

(ခ) **စင်ကာပူနိုင်ငံ။** e-rallies ဟုခေါ်သည့် online မှ မဲဆွယ်စည်းရုံးခြင်းကို အသုံးပြုခဲ့ပါသည်။ ၅ ဦးထက်မပိုသည့် တစ်အိမ်တက်တစ်အိမ်ဆင်း မဲဆွယ်စည်းရုံးရေးနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ လူစုလူဝေးမဖြစ်စေရန် စည်းရုံးရေးယာဉ်များကို အသုံးပြု၍ ဂီတသံစဉ်များဖွင့်ခြင်းနှင့် တိုက်ရိုက်မဲဆွယ်ခြင်းကိုတားမြစ်ထားပါသည်။

(ဂ) **ဘီနင်နိုင်ငံ။** လူစုလူဝေးဖြင့် မဲဆွယ်စည်းရုံးခြင်းနှင့် ယာဉ်များဖြင့်မဲဆွယ်စည်းရုံးခြင်းကိုပိတ်ပင်ထားပြီး နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် ရုပ်မြင်သံကြားနှင့် ဆက်သွယ်ရေးမှကြီးကြပ်သော မီဒီယာမှမဲဆွယ်စည်းရုံးခြင်းတစ်ခုတည်းကိုသာ ခွင့်ပြုထားပါသည်။

## နိုင်ငံသားများအားလုံးပါဝင် မဲပေးနိုင်မည့်နည်းလမ်းများ

၁၁။ ကိုဗစ်-၁၉ ရောဂါပြန့်ပွားနေသည့်ကာလတွင် ကြိုတင်မဲပေးခြင်း သို့မဟုတ် အဝေးမှမဲပေးခြင်းအစီအမံများသည် ရွေးကောက်ပွဲနေ့တွင် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးနှင့် လုံခြုံရေးအန္တရာယ်များအား လျော့ပါးစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံအချို့၏ရွေးကောက်ပွဲများတွင် မဲရုံများ၌ လူကိုယ်တိုင်မဲပေးခြင်းမဟုတ်ဘဲ စာတိုက်မှတစ်ဆင့်၊ ကွန်ပျူတာ သို့မဟုတ် ဖုန်း Application မှတစ်ဆင့် အွန်လိုင်းမှမဲပေးခြင်း နည်းစနစ်များကို အသုံးပြုရန်စဉ်းစားလာကြပါသည်။ ကိုဗစ်-၁၉ ကာလတွင် ရွေးကောက်ပွဲကျင်းပခဲ့သောနိုင်ငံများ၏ နိုင်ငံသားများအားလုံးပါဝင်မဲပေးနိုင်ရန် ထည့်သွင်းစဉ်းစားခဲ့သည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်[9] -

| စဉ် | နိုင်ငံအမည် | မဲပေးနိုင်မည့်နည်းလမ်းများ |
|---|---|---|
| ၁။ | ဂျာမနီနိုင်ငံ | စာတိုက်မှမဲပေးခြင်းနှင့် ရက်ခွဲ၍ မဲပေးခြင်း (early voting) ကို အသုံးပြုခဲ့ပါသည်။ |

[9] Elections held and mitigating measures taken during covid-19၊ international foundation for electoral systems၊ july 15 2020 မှ ကောက်နုတ်ရရှိပါသည်။

| စဉ် | နိုင်ငံအမည် | မဲပေးနိုင်မည့်နည်းလမ်းများ |
|---|---|---|
| ၂။ | တောင်ကိုရီးယားနိုင်ငံ | ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ စုရုံးရောက်ရှိမှုကိုလျှော့ချစေသည့်ကြိုတင်မဲပေးသည့်စနစ်နှင့်ကိုဗစ်လူနာများအတွက် နေအိမ်မှ မဲပေးခွင့် အခွင့်အလမ်းကိုအသုံးပြုခဲ့ပါသည်။ |
| ၃။ | ပိုလန်နိုင်ငံ | စာတိုက်မှတစ်ဆင့် မဲပေးခြင်းကို အသုံးပြုခဲ့ပါသည်။[10] Quarantine ဝင်နေသည့် မဲဆန္ဒရှင်များနှင့် သီးသန့်ခွဲနေသည့် မဲဆန္ဒရှင်များ အတွက် ရွေးကောက်ပွဲမတိုင်မီ ၁၂ ရက်အလိုတွင် Email ဖြင့် မဲပေးခြင်းကို အသုံးပြုခဲ့ပါသည်။ |
| ၄။ | ပြင်သစ်နိုင်ငံ | Quarantine ဝင်နေသည့် မဲဆန္ဒရှင်များနှင့် နေမကောင်းသည့် မဲဆန္ဒရှင်များအတွက် ကိုယ်စားမဲပေးခြင်းစနစ်ကို ကျင့်သုံးခဲ့သည်။ |
| ၅။ | သြစတြေးလျနိုင်ငံ | နေမကောင်းသောမဲဆန္ဒရှင်များသည် တယ်လီဖုန်း သို့မဟုတ် မေးလ်ဖြင့် မဲပေးနိုင်ပြီး ကြိုတင်မဲပေးစနစ်ကို တွန်းအားပေးခဲ့ပါသည်။ |
| ၆။ | စင်ကာပူနိုင်ငံ | ကျန်းမာရေးမကောင်းသောသူများနှင့် Quarantine ဝင်နေသည့် မဲဆန္ဒရှင်များအတွက် မဲရုံပြင်ပတွင် သီးသန့်မဲပေးစေခဲ့ပါသည်။ ထို့အပြင် နာရီအပိုင်းအခြားဖြင့် မဲပေးစေခဲ့ပြီး အသက် ၆၅ နှစ်နှင့်အထက် မဲဆန္ဒရှင်များကို ပထမဦးစားပေး မဲပေးခြင်းနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ |

[10] ပိုလန်သမ္မတရွေးကောက်ပွဲ ပထမအဆင့်မဲပေးမှု စတင်၊ လက်ရှိသမ္မတ ဦးဆောင်နေ၊ DVB၊ 29 June 2020၊ http://burmese.dvb.no/archives/396770 မှ ကောက်နုတ်ထားပါသည်။

## မဲဆန္ဒရှင်ပြည်သူများ သတင်းအချက်အလက်ရရှိမှုနည်းလမ်းများ

၁၂။ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များရရှိရေးသည် မဲဆန္ဒရှင်ပြည်သူများယုံကြည်မှုရှိလာရန် အခြေခံကျသည့်အချက်ပင်ဖြစ်ပါသည်။[11] မဲဆန္ဒရှင်များအား မဲရုံ၌ အချက်ကျကျရွေးချယ်မဲပေးနိုင်ရန် ပညာပေးခြင်းသည် လိုအပ်သည့် သတင်းအချက်အလက်များပေးခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်များအား ပညာပေးခြင်းတွင် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်ကဲ့သို့မဲပေးရန် မှတ်ပုံတင်ရမည် စသည့်အချက်အလက်များသာမက မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်ကဲ့သို့မဲပေးရမည် စသည့်အချက်အလက်များလည်းပါဝင်သည်။ ပုံမှန်အားဖြင့် ရွေးကောက်ပွဲစီမံကျင်းပရေးအဖွဲ့ (Election Management ody – EMB) များသည် မဲဆန္ဒရှင်များအား ရေဒီယို၊ ပုံနှိပ်စာ များအပြင် ရုပ်မြင်သံကြားမှလည်း ပညာပေးကြသည်။ EMB များသည် ရွေးကောက်ပွဲအတွင်း ပြည်သူလူထုနှင့် ကူးလူးဆက်ဆံရာတွင် လူမှုသတင်းမီဒီယာကဲ့သို့သော ပုံစံသစ်မီဒီယာများကို ပို၍အသုံးပြုလာကြပါသည်။

၁၃။ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များသည် အချိန်နှင့်တပြေးညီဖြစ်ခြင်း၊ အသေးစိတ်ပြုလုပ်ထားခြင်း၊ အင်တာနက်တွင် အခမဲ့ရယူနိုင်ခြင်း၊ ပြီးပြည့်စုံပြီး တစ်စုတစ်စည်းတည်းဖြစ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာမှုပြုနိုင်ခြင်း၊ မူပိုင်ခွင့်ကင်းလွတ်ခြင်း၊ ခွဲခြားမှုကင်းခြင်းနှင့် လူတိုင်းရယူနိုင်ခြင်းနှင့် အမြဲတမ်းရရှိနိုင်ခြင်း စသည့်အချက်များနှင့်ကိုက်ညီပြီး ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ပါသည်။[12]

## လုံခြုံစွာမဲပေးနိုင်သည့်ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် အစီအမံများ

၁၄။ ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပခဲ့သောနိုင်ငံများတွင် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်များမှ ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့် လုံခြုံစွာမဲပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရပါသည်။ နိုင်ငံအချို့၏ လုံခြုံစွာမဲပေးနိုင်သည့်ပတ်ဝန်းကျင်ဖြစ်စေရန် စီမံဆောင်ရွက်ခဲ့သည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

---

[11] https://openelectiondata.net/my/guide/key-categories/security/ မှကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်)
[12] ibid

| စဉ် | နိုင်ငံအမည် | လုံခြုံစွာမဲပေးနိုင်မည့် အစီအမံများ |
|---|---|---|
| ၁။ | ပြင်သစ်နိုင်ငံ | မဲပေးရာတွင် အနည်းဆုံး တစ်မီတာကွာ စောင့်ဆိုင်းခြင်းနှင့် ကိုယ်တိုင်ဖောင်တိန်များ ယူဆောင်လာသည့်စနစ်ကို ကျင့်သုံးခဲ့ပြီး မဲရုံအဝင်အဝများတွင် လက်ဆေးရည်ထားရှိ၍ မဲပေးသူများသည် လက်ဆေးခြင်းနှင့် Mask တပ်၍ မဲပေးစေခဲ့ပါသည်။ မဲရုံများတွင် စောင့်ဆိုင်းရမည့်နေရာများကို အမှတ်အသားများဖြင့် ပြုလုပ်ထားပါသည်။[13] |
| ၂။ | တောင်ကိုရီးယားနိုင်ငံ | မဲရုံအရေအတွက် တိုးမြှင့်ခြင်း၊ မဲဆန္ဒရှင်များ လိုက်နာရမည့် Code of Conduct ရေးဆွဲထားခြင်း၊ မဲပေးသူများ မဖြစ်မနေ Mask တပ်ရခြင်း၊ မဲရုံအဝင်ဂတွင် အပူချိန်စစ်ဆေးခြင်း၊ မဲပေးရန် စောင့်ဆိုင်းနေစဉ် တစ်ဦးနှင့်တစ်ဦး တစ်မီတာအကွာ ရပ်ဆိုင်းရခြင်း၊ လက်ဆေးရခြင်း၊ လက်အိတ်ဝတ်ရခြင်းနှင့် မဲဆန္ဒရှင်စစ်ဆေးခံရန် မျက်နှာဖုံးခဏချွတ်ရခြင်းများ အစရှိသည်တို့ကို စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်။ ထို့အတူ မဲဆန္ဒရှင်များ အသုံးပြုခဲ့သည့် Maskများ၊ လက်အိတ်များကို အမှိုက်ပုံးများအတွင်း တစ်ခါတည်း စွန့်ပစ်ရသည်အထိ စနစ်ကျစွာ လုပ်ဆောင်ခဲ့ပါသည်။[14] |
| ၃။ | သြစတြေးလျနိုင်ငံ | မည်ကဲ့သို့မဲပေးရမည်ကို လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မဲရုံများတွင် မဲပေးမည့်နေရာများကို လိုင်းများဖြင့် သတ်မှတ်ထားခြင်း၊ မဲရုံဧရိယာများကို ပိုးသတ်ဆေးဖြန်းခြင်း၊ မဲရုံအတွင်း လူဦးရေ |

[13] Elections held and mitigating measures taken during covid-19၊ international foundation for electoral systems၊ july 15 2020 မှ ကောက်နုတ်ရရှိပါသည်။
[14] ရွေးကောက်ပွဲနှင့် ကိုဗစ် စီးချင်းထိုးခြင်း ဥမ္မာလွင် 4 May 2020 {available from: https://thevoicejournal.com/news/5519} {accessed date 19 August 2020}

| စဉ် | နိုင်ငံအမည် | လုံခြုံစွာမဲပေးနိုင်မည့် အစီအမံများ |
|---|---|---|
| | | ကန့်သတ်ခြင်းနှင့် မဲရုံများတွင် လက်ဆေးရည်များထားရှိခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။[15] |
| ၄။ | ပိုလန်နိုင်ငံ | မဲရုံဝန်ထမ်းများသည် Mask နှင့် လက်အိတ်များကို ဝတ်ဆင်ရပြီး မဲရုံများတွင် လက်ဆေးရည်များထားရှိထားပါသည်။ ထို့အပြင် မဲရုံအတွင်း တစ်နာရီလျှင် အနည်းဆုံး ၁၀ မိနစ်ခန့်လေဝင်လေထွက်ရှိရန်ထားရှိပြီး ထိတွေ့မှုများသည့် မဲရုံအထောက်အကူပစ္စည်းများကို တစ်နာရီပြည့်တိုင်း ပိုးမွှားကင်းစင်ရန် သန့်ရှင်းရေးပြုလုပ်ပါသည်။[16] |
| ၅။ | စင်ကာပူနိုင်ငံ | မဲရုံများတွင် လုံခြုံစွာမဲပေးနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းထားပြီး မဲပေးသူများသည် မဲရုံအတွင်း အများဆုံး ၅ မိနစ်သာ နေခွင့်ပြုခြင်း၊ မဲပေးရာတွင် မှတ်ပုံတင်များကို scan ဖတ်ခြင်း၊ မဲစာရွက်မကိုင်မီ လက်ဆေးခြင်း၊ မဖြစ်မနေ Mask ဝတ်ဆင်စေခြင်း မဲပေးရာတွင် အသုံးပြုများသည့် တံဆိပ်တုံးများကို ပိုးမွှားသန့်စင်ခြင်းတို့ကို အသုံးပြုခဲ့ပါသည်။ မဲရုံအတွင်း လူရှုပ်ထွေးမှု မဖြစ်စေရန် မဲရုံများကို ၈၀၀ မှ ၁၁၀၀ ထိ မဲရုံတိုးချဲ့ခြင်းများပြုလုပ်ခဲ့ပါသည်။[17] |

[15] Elections held and mitigating measures taken during covid-19၊ international foundation for electoral systems၊ july 15 2020 မှ ကောက်နုတ်ရရှိပါသည်။
[16] ibid
[17] ibid

## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အဓိကစိန်ခေါ်မှုများ

၁၅။ ကိုဗစ်-၁၉ကာလတွင် ရွေးကောက်ပွဲကျင်းပခြင်းသည် စိန်ခေါ်မှုများစွာ ပြည့်နှက်လျက်ရှိပါသည်။ အဆိုပါစိန်ခေါ်မှုများမှာ မဲပေးသူဦးရေရရှိမှု၊ ယုံကြည်မှုနှင့် တရားဝင်ဖြစ်မှု၊ ကျန်းမာရေးဆိုင်ရာလုံခြုံစိတ်ချမှု တို့အတွက်အာမခံချက်တို့ပင်ဖြစ်ပါသည်-

(က) **မဲပေးသူဦးရေရရှိမှု။** ရွေးကောက်ပွဲများတွင် ပြည်သူလူထုတစ်ရပ်လုံး လူမျိုး/ ဘာသာမရွေး တူညီစွာပါဝင်ခွင့်ရှိပြီး မဲပေးသူဦးရေများပြားခြင်းတို့သည် ဒီမိုကရေစီ ရွေးကောက်ပွဲများ၏ အကောင်းဆုံးဝိသေသလက္ခဏာပင်ဖြစ်ပါသည်။ မဲပေးသူ ရာခိုင်နှုန်းများပြားခြင်းသည် ရွေးကောက်ပွဲတစ်ခု၏အောင်မြင်ခြင်းကို တိုင်းတာသည့်အချက်တစ်ချက်ပင်ဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် ကိုဗစ်ကာလတွင် ၎င်းတို့၏ကျန်းမာရေးနှင့် ၎င်းတို့မိသားစုဝင်များ၏ကျန်းမာရေးကို စိုးရိမ်သောကြောင့် မဲပေးမှုလျော့နည်းနိုင်သည့် အခြေအနေရှိနေခြင်းသည် ရွေးကောက်ပွဲ အောင်မြင်ရန် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံရွေးကောက်ပွဲတွင် ၂၀၁၄ ခုနှစ်က မဲပေးသူ ၆၃.၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးသူ ၄၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။[18]

(ခ) **ယုံကြည်မှုနှင့် တရားဝင်ဖြစ်မှု။** ရွေးကောက်ပွဲဖြစ်စဉ်တစ်ဆင့်ချင်းစီ၌ ပြည်သူလူထု၏ယုံကြည်မှုသည် အလွန်အရေးကြီးသည့်အပြင် နိုင်ငံရေးပါတီများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ မှန်ကန်မျှတသောလေ့လာစောင့်ကြည့်မှု၊ ကျန်းမာရေး လုံခြုံမှုအတွက် အာမခံချက်ရှိမှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံး ပွင့်လင်းမြင်သာမှုများသည် ရွေးကောက်ပွဲအပေါ် ယုံကြည်မှုနှင့် တရားဝင်ဖြစ်မှုကို ပိုမိုခိုင်မာစေပါသည်။ ရှင်းလင်းမှုရှိသည့် မဲပေးနည်းစနစ်များကို ပြည်သူများထံသို့ ကြိုတင်အသိပေး ထားခြင်းသည် ယုံကြည်မှုကို ဖြစ်စေပါသည်။ ပိုလန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲ ပထမအဆင့်ကို မေလတွင်ကျင်းပခဲ့ရာ မဲပေးသူများလာရောက်မဲပေးခြင်းမရှိခဲ့

[18] Right to Vote and Public Health: Elections in the Time of COVID-19၊ Eponine Howarth၊ Jun 16, 2020၊ {available from: https:// www. mironline.ca/right-to-vote-and-public-health-elections-in-the-time-of-covid-19/} {accessed date August 12,2020)

သည့် အတွက် “စိတ်ခြောက်ခြားစရာရွေးကောက်ပွဲ (ghost election)” အဖြစ် တင်စားခေါ်ဝေါ်ရသည်အထိ အခြေအနေဆိုးရွာခဲ့သောကြောင့် သမ္မတရွေး ကောက်ပွဲ ဒုတိယအဆင့်ကို ရက်ရွှေ့ဆိုင်းခဲ့ရပါသည်။[19]

(ဂ) **ကျန်းမာရေးလုံခြုံစိတ်ချမှုအတွက်အာမခံချက်။** ရွေးကောက်ပွဲတစ်ခုတွင် အလွှာပေါင်းစုံပါဝင်နိုင်ရေး၊ ယှဉ်ပြိုင်မှုရှိစေရေးနှင့် ပြည့်သူ့ဆန္ဒကို ထင်ဟပ်စေရေးတို့အတွက် ကျန်းမာရေးအန္တရာယ်အား အထူးသတိထား ကာကွယ်ရင်ဆိုင်၍ ရွေးကောက်ပွဲယှဉ်ပြိုင်သူများ ယှဉ်ပြိုင်နိုင်ရန်၊ ပြည်သူများ မဲပေးနိုင်ရန်နှင့် ဝန်ထမ်းများလည်း ရွေးကောက်ပွဲတွင် လိုအပ်သလို တာဝန်ထမ်းဆောင်နိုင်ရန် အလွန်အရေးကြီးသည်။ အထူးသဖြင့် မမျှော်လင့်ဘဲ အချိန်မရွေးကျရောက်လာနိုင်သော ကိုဗစ်-၁၉ ကပ်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရှိရန် လိုအပ်ပါသည်။ နယူးဇီလန်နိုင်ငံတွင် ၃ လ ကြာ ကိုဗစ် ရောဂါဖြစ်ပွားမှုကင်းစင်ပြီးနောက် တစ်ကျော့ပြန်ပြန်လည်ဖြစ်ပွားလာသည့်အတွက် ရွေးကောက်ပွဲပြုလုပ်မည့် မူလသတ်မှတ်ရက်ဖြစ်သော စက်တင်ဘာလ (၁၉) ရက်နေ့ကို အောက်တိုဘာလ (၁၇) ရက်အထိ ရွှေ့ဆိုင်းလိုက်ရပါသည်။ ထိုအခြေအနေသည် မဲဆွယ်စည်းရုံးမှုကို ထိန်းချုပ်ဟန့်တားသကဲ့သို့ ဖြစ်စေသောကြောင့် အတိုက်အခံပါတီများ၏နိုင်ငံရေးအမြတ်ထုတ်သည်ဆိုသောဝေဖန်ဆန့်ကျင်မှုနှင့်ရင်ဆိုင်နေရပြီး နိုင်ငံရေးအရသဘောတူညီမှုနှင့် ကျန်းမာရေးအရ စိတ်ချမှုတို့အကြား ချိန်ဆနေရမှုသည် ယုံကြည်မှုကိုထိခိုက်စေကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။[20]

[19] Ibid

[20] ကိုဗစ်၁၉ တစ်ကျော့ပြန်လာတဲ့အတွက် နယူးဇီလန်ရွေးကောက်ပွဲကို ရွှေ့ဆိုင်း၊ ထွန်းသစ်စ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၄၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့)

## မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် စီစဉ်ထားရှိမှုများ

၁၆။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ရွေးကောက်ပွဲ ကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၁၇။ ရွေးကောက်ပွဲတွင် ပါဝင်၍ မဲပေးခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရပိုင်ခွင့်နှင့် တာဝန် ဖြစ်သည့်အတွက် ဖြစ်မြောက်အောင်ဆောင်ရွက်ရန် မဲစာရင်းထုတ်ပြန်မှု ပထမအကြိမ်သည် (၂၅-၇-၂၀၂၀) မှ (၇-၈-၂၀၂၀) ရက်နေ့အထိ ၁၄ ရက်ကြာ ကြေညာခဲ့ပြီး ပြည်သူများမဲစာရင်း စစ်ဆေး၍ လိုအပ်ချက်များကိုပြင်ဆင်မှုပြုလုပ်ရန် ဒုတိယအကြိမ်ကို (၈-၈-၂၀၂၀) မှ (၁၄-၈-၂၀၂၀) ရက်နေ့ထိ ၇ ရက်ကြာ ထပ်မံတိုးမြှင့် ကြေညာခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ကိုဗစ်-၁၉ ကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်းနှင့် လုံခြုံစိတ်ချရသော မဲပေးခြင်းလုပ်ငန်း စဉ်များဖြစ်လာရေးအတွက် စီစဉ်ထားရှိမှုများမှာအောက်ပါအတိုင်းဖြစ်ပါသည် -

(က) မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအားလုံးသည် မျက်နှာဖုံးကာဘာများ၊ နှာခေါင်းစည်းများ နှင့် လက်အိတ်များ ဝတ်ဆင်ရန်၊

(ခ) မဲရုံအတွင်း ထိုင်ခုံများကို ၆ ပေအကွာထားရှိရန် နှင့် မဲဆန္ဒရှင်များ တစ်ယောက်နှင့် တစ်ယောက် ၆ ပေအကွာတွင် ရပ်ရန် အမှတ်အသားများ မှတ်ထားရန်၊

(ဂ) မဲဆန္ဒရှင်များသိရှိစေရန် မဲနမူနာများ၊ ပယ်မဲနမူနာများနှင့် ခိုင်လုံသော မဲနမူနာ ပုံစံများကို မဲရုံပြင်ပတွင် ကပ်ထားရန်၊

(ဃ) မဲပေးသူများအနေဖြင့် မဲရုံအဝင်အဝတွင် ထားရှိထားသော တစ်ခါသုံး လက်အိတ် များ ကိုယ်တိုင်ယူပြီးမှ မဲရုံအတွင်းသို့ဝင်ရောက်ရန်နှင့် မဲလက်မှတ်ရယူ၍မဲပေးရန်၊

(င) လျှို့ဝှက်မဲပေးခန်းတွင် တံဆိပ်တုံးကို အသုံးပြု၍ မဲပေးရန်၊

(စ) မဲဆန္ဒရှင်များပြားသည့် နေရာများတွင် မဲပေးရန် အဆိုင်းများခွဲ၍ မဲပေးရန်၊

(ဆ) မဲဆန္ဒရှင်တစ်ဦးလျှင် မဲပေးရန် ၇ မိနစ်သာ ကြာမြင့်စေရန်၊

(ဇ) အချို့မဲရုံကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် အားကစားကွင်းများကို စီစဉ်ထား ရှိခြင်းတို့ဖြစ်ပါသည်။[21]

## တောင်ကိုရီးယားနိုင်ငံတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အထွေထွေရွေးကောက်ပွဲ

၁၈။ တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကာလအတွင်း ရွေးကောက်ပွဲကို ကျင်းပခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ၂၁ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ဥပဒေပြု လွှတ်တော်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သောကြောင့် ကိုဗစ်-၁၉ကာလအတွင်း ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ပထမဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံတွင် ရောဂါပိုး ကူးစက်ခံရသူ ၁၀,၅၆၀ ဦး၊ ပြန်လည်ကောင်းမွန်လာသူ ၇၅၀၀ ဦးနှင့် သေဆုံးသူ ၂၂၉ ဦး ရှိနေသည့် အချိန်ဖြစ်သော ဧပြီလ ၁၅ ရက်နေ့၌ တောင်ကိုရီးယား ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး လက်ရှိသမ္မတမွန်ဂျေအင်း(Moon-Jae-in)က ပြန်လည်အနိုင်ရရှိ ခဲ့ပါသည်။

၁၉။ ကိုဗစ် ၁၉ ပြဿနာစတင်ပေါ်ပေါက်ခဲ့ချိန်မှစ၍ တောင်ကိုရီးယားနိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပရန် ဆုံးဖြတ်ချက်တရားဝင်ဖြစ်ပြီးနောက်တွင် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင် (NEC) သည် မဲဆန္ဒရှင်များမဲပေးရာတွင် အလုံခြုံဆုံးပတ်ဝန်းကျင်တစ်ခု ဖြစ်စေရန် အာမခံသည့် ကတိကဝတ်နှင့် စွမ်းဆောင်ရည်များကို ပြသရန်ချက်ချင်းဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော် ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ခဲ့သည့်အထူးအစီအမံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်[22] -

---

[21] ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက်နေ့ ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၆ နှင့် ၇ မှ ကောက်နုတ်ရရှိပါသည်။ (ဖတ်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့)

[22] Covid -19 ကူးစက်ရောဂါကျရောက်နေစဉ် ရွေးကောက်ပွဲများအား စီမံခန့်ခွဲခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ အရေးပါသည့်စမ်းသပ်ချက်များ၊ international IDEA technical paper 2/2020 {available from : https:// www. idea. int/ publications/catalogue/managing-elections-under-covid-19-pandemic-republic-korea-crucial-test?lang=en} {accessed date August 5 2020}

(က) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ စုရုံးရောက်ရှိလာမည့် မဲဆန္ဒရှင်အရေအတွက်ကို လျှော့ချရန် မဲပေးခွင့်ဆိုင်ရာပြဋ္ဌာန်းချက်တွင် ပါဝင်ခဲ့သော ကြိုတင်မဲပေးသည့် နည်းလမ်းကို အသုံးချရန် တိုက်တွန်းခဲ့ခြင်း၊

(ခ) ဆေးရုံများနှင့် အခြားဆေးကုသရေးအဆောင်များတွင် ဆေးကုသမှုခံရယူလျက်ရှိသည့် ကိုဗစ်ရောဂါသည် လူနာများအတွက်လည်းကောင်း၊ ရောဂါကူးစက်ခံသူများနှင့်ထိတွေ့မှုရှိခဲ့သည့်အတွက် ရောဂါမကူးစက်စေရန်ခွဲထားခြင်းနှင့် တစ်ဦးတည်းသီးခြားခွဲနေစေခြင်း တို့ခံယူနေသည့် နိုင်ငံသားများအတွက်လည်းကောင်း နေအိမ်မှမဲပေးခွင့်ရှိခြင်း (ရွေးကောက်ပွဲနေ့မတိုင်မီ စာပို့စနစ်ဖြင့်မဲပေးခြင်း)ကို တိုးချဲ့ခဲ့ခြင်း၊

(ဂ) မဲပေးသည့်အဆင့်တစ်ဆင့်ချင်းစီ၌ မဲဆန္ဒရှင်များ လိုက်နာရန်လိုအပ်သည့် အသေးစိတ်ညွှန်ကြားချက်များနှင့် လုံခြုံရေးအစီအမံများနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ ပါဝင်သည့် လမ်းညွှန်စာအုပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ခြင်း၊

(ဃ) မဲဆန္ဒရှင်များ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်စေရန် နိုင်ငံပိုင်ရုပ်သံလိုင်းမှ သတင်းစကားပါးခြင်း၊ နိုင်ငံအနှံ့ ပိုစတာများနှင့် စာတန်းများ ကပ်ထားခြင်း၊

(င) နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်မဲပေးရေးလုပ်ငန်းအတွက် ထိရောက်တင်းကျပ်သည့်အစီအမံများ ချမှတ်ခဲ့ခြင်း၊

(စ) မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိအောင် အထူးစီမံဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

## တောင်ကိုရီးယားနိုင်ငံရွေးကောက်ပွဲအောင်မြင်ရသည့်အကြောင်းအရင်းများ

၂၀။ တောင်ကိုရီးယားနိုင်ငံသမ္မတ မွန်ဂျေအင်း (Moon–Jae–in) အစိုးရအဖွဲ့နှင့် အာဏာရ ပါတီဖြစ်သည့် ကိုရီးယားဒီမိုကရက်တစ်ပါတီ (Democratic Party of Korea – DPK) တို့သည် ကိုဗစ်–၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရာတွင် နှေးကွေးသည့်တုံ့ပြန်ချက်များရှိကြောင်းနှင့် နိုင်ငံ့စီးပွားကိုကစဥ့်ကလျားဖြစ်စေသည်ဟု ဝေဖန်မှုများရှိခဲ့ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို စနစ်တကျ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် လိုလားချက်အတိုင်း အောင်မြင်မှု ရရှိခဲ့သည့် ရွေကောက်ပွဲတစ်ခုဖြစ်စေခဲ့ပြီး ကမ္ဘာ့နိုင်ငံများက အောင်မြင်သည့် ရွေးကောက်ပွဲတစ်ခု အဖြစ် လက်ခံခဲ့ကြပါသည်။ အောင်မြင်စွာကျင်းပနိုင်ခြင်း၏ အကြောင်းအရင်းများမှာ[23] –

(က) ကိုဗစ်–၁၉ကပ်ရောဂါကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စမ်းသပ်နိုင်သည့်အပြင် ရောဂါမပြန့်ပွားအောင် ထိန်းချုပ်မှုအစီအမံများကြောင့် ပြည်သူများယုံကြည်မှုရရှိ ခဲ့ခြင်း၊

(ခ) နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင် (National Election Commission – NEC) ၏ အထူးအစီအမံများနှင့် လုံခြုံစွာမဲပေးနိုင်မည့် ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင် ခဲ့ခြင်း၊

(ဂ) ပြည်သူလူထုမှ ရွေးကောက်ပွဲအပေါ်စိတ်ဝင်စားမှုရှိလာခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းခဲ့ခြင်း၊

(ဃ) မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ် အဆင့်အမျိုးအမျိုးကို ကမ္ဘာ့တစ်လွှားမှ ကြည့်ရှုနိုင်ရန် နိုင်ငံပိုင်ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ခြင်း၊

(င) မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်း အတွက် အကန့်အသတ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း၊

[23] Ibid

(စ) လုံလောက်ပြည့်စုံသည့်အရင်းအမြစ်များကို အချိန်မီရရှိခဲ့ခြင်းတို့ ပါဝင်သည်ကို တွေ့ရှိရပါသည်။

၂၁။ တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ကာလအတွင်း ရွေးကောက်ပွဲကျင်းပခဲ့ခြင်းသည် စိန်ခေါ်မှုများစွာရှိနေသော်လည်း ရွေးကောက်ပွဲကျင်းပရန် မဆုံးဖြတ်မီ ၎င်းနိုင်ငံ၊ ၎င်းနယ်နမိတ် အခြေအနေ၊ လိုအပ်လာမည့်အနေအထား၊ လိုအပ်ချက်များအတွက် ဖြည့်ဆည်းနိုင်မှုကို ဂရုတစိုက် အကဲဖြတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲပေးသူဦးရေ ၆၆ ရာခိုင်နှုန်းကျော် ရှိခဲ့ပြီး ကြိုတင်မဲပေးခဲ့သူ ၂၆ ရာခိုင်နှုန်းကျော်ရရှိခဲ့သည့်အတွက် ပြည်သူများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည့်အပြင် တရားမျှတခြင်းနှင့်လုံခြုံစိတ်ချရသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။[24]

## အဝေးမှမဲပေးခြင်းစနစ် (remote voting methods) ၏ အားသာချက်များနှင့် အားနည်းချက်များ

၂၂။ ဒီမိုကရေစီနိုင်ငံသစ်၊ နိုင်ငံဟောင်းများ သာမက ကမ္ဘာတစ်လွှားရှိ နိုင်ငံအသီးသီးတို့သည် မဲဆန္ဒရှင်များ၏ပါဝင်မှုကို ချဲ့ထွင်နိုင်ရန်ရည်ရွယ်၍ အဝေးမှမဲပေးစနစ်ကို လက်ခံကျင့်သုံးလာကြ ပါသည်။ အထူးသဖြင့် ကိုဗစ်ကာလအတွင်း ကျင်းပခဲ့သောနိုင်ငံအချို့တွင် လူကိုယ်တိုင် မဲပေးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးနှင့်လုံခြုံရေးအန္တရာယ်အား လျော့ပါးစေနိုင်ရန် စာတိုက်မှတစ်ဆင့်၊ ကွန်ပျူတာ သို့မဟုတ် ဖုန်း Application မှ တစ်ဆင့် အွန်လိုင်းမှ မဲပေးခြင်း စသည့်ဖြင့် ပြည်သူလူထုအား အဝေးမှနေ၍ မဲပေးနိုင်မည့် အထူးမဲပေးခြင်းအစီအမံများကို အသုံးပြုလာကြသည့် အဝေးမှမဲပေးခြင်းစနစ်၏ အားသာချက်များမှာ-

(က) အဝေးမှမဲပေးခြင်းစနစ်သည် အသက်အရွယ်ကြီးရင့်သောသူများကဲ့သို့ ကျန်းမာရေး အခြေအနေ ပိုမိုစိုးရိမ်နေသည့်လူပုဂ္ဂိုလ်များပါ မဲပေးနိုင်သည့်အတွက် ရွေးကောက်ပွဲ ကျင်းပရာတွင် မဲပေးသူအရေအတွက်ကို ထိန်းသိမ်းနိုင်ခြင်း၊

[24] Ibid

(ခ) မဲဆန္ဒရှင်ပြည်သူများနှင့် မဲရုံဝန်ထမ်းများ၏ကျန်းမာရေးကာကွယ်ခြင်းနှင့် ရောဂါကူးစက်ခြင်းကို ကာကွယ်နိုင်ခြင်း၊

(ဂ) မဲရုံသို့ မလာနိုင်သောသူများ (Vulnerable Groups) အတွက်ပါ ပါဝင်နိုင်သည့် ရွေးချယ်စရာ နည်းလမ်းတစ်ခုဖြစ်ခြင်းတို့ဖြစ်ပါသည်။

၂၃။ ထိုကဲ့သို့အားသာချက်များရှိသော အဝေးမှမဲပေးခြင်းစနစ်သည် ရွေးကောက်ပွဲသမာသမတ်ကျမှုကို ခြိမ်းခြောက်လာနိုင်သည့်အတွက် အဝေးမှမဲပေးခြင်းစနစ်၏အားနည်းချက်များကိုလည်း အောက်ပါအတိုင်းတွေ့ရှိရပါသည် –

(က) လုံလောက်သည့်ပြင်ဆင်မှု၊ အထောက်အကူပြုပစ္စည်းများ စုဆောင်းခြင်းနှင့် သင်တန်းပေးခြင်းများအတွက် အကောင်အထည်ဖော်ရမည့်အချိန် လိုအပ်ခြင်း၊

(ခ) ငွေးကြေးကုန်ကျစရိတ်များသည် အဟန့်အတားဖြစ်စေခြင်း၊

(ဂ) ဥပဒေမူဘောင်များတွင် အဟန့်အတားဖြစ်စေခြင်း၊

(ဃ) နိုင်ငံရေးဆိုင်ရာ အယုံအကြည်ကင်းမဲ့စေခြင်းတို့ဖြစ်ပါသည်။[25]

## နိဂုံး

၂၄။ ဒီမိုကရေစီနိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပခြင်းသည် ပုံမှန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ကိုဗစ်ကာလအတွင်း ကျင်းပမည့်ရွေးကောက်ပွဲများတွင် ကိုဗစ်ကပ်ရောဂါကိုထိန်းချုပ်ရန် မဖြစ်မနေစဉ်းစားသင့်သည့် ကျန်းမာရေးဆိုင်ရာလိုက်နာဆောင်ရွက်ရန်အချက်များသည် ဒီမိုကရေစီအနှစ်သာရနှင့် စံချိန်စံညွှန်းများအရ ကျင်းပမည့်ရွေးကောက်ပွဲများအတွက် တစ်ခါတစ်ရံ ဆန့်ကျင်ဘက်ဖြစ်သွားတတ်ပါသည်။ ရွေးကောက်ပွဲကျင်းပခဲ့သည့်နိုင်ငံအချို့တွင် ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုများရှိနေခြင်းကြောင့် မဲပေးသူဦးရေ

[25] ရွေးကောက်ပွဲများနှင့် ကိုဗစ်၊ international IDEA technical paper 1/2020 {available from : https://www.idea.int/sites/default/ files/ publications/elections-and-covid-19-MY_0.pdf} {accessed date August 5 2020}

လိုအပ်ချက်ရှိနေခြင်း၊ ယုံကြည်မှုနှင့်တရားဝင်ဖြစ်မှုတို့အပေါ် အကျိုးသက်ရောက်မှုများ ရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပေသည်။[26]

၂၅။ ကိုဗစ်ကာလတွင် ရွေးကောက်ပွဲကျင်းပခြင်းသည် ကိုဗစ်ရောဂါပြန့်ပွားမှုကို မဖြစ်ပေါ်စေရေးအတွက် မဲဆွယ်စည်းရုံးရာတွင်လည်းကောင်း၊ လူတစ်ဦးချင်း မဲပေးရာတွင် လည်းကောင်း ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံဝန်ထမ်းများနှင့် မဲဆန္ဒရှင်များအတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးမှုရှိစေရန် ကန့်သတ်ချက်များစွာကို အထူးစီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လက်လှမ်းမီသည့် မဲရုံများဖွင့်လှစ်ရန်၊ မဲပေးသူအရေအတွက် ပြည့်မီရန်နှင့် မဲဆန္ဒရှင်များ၏ကျန်းမာရေးလုံခြုံမှုရှိစေရန် ဟူသည့် အချက်သုံးချက်ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း လေ့လာရေးသားတင်ပြအပ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်သူဇာကိုကို (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[26] Ibid

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ရာအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်အညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့်ဆွေးနွေးတိုင်ပင် သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့်ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅



Research Dept; Email - pyithuhluttawresearch@gmail.com